**နေရာထိုင်ခင်းထိန်းသိမ်းရေးအကြံပေးကော်မတီ**

**အစည်းအဝေးခန်းမ၊ ချီးစ်ခလပ်အဆောက်အဦး**

**နောက်ဆုံးအစိန်-ဇူလိုင်၁၉၊ ၂၀၁၂- နောက်ဆုံးအစိန်**

**<u>ကြိုဆိုခြင်းနှင့် မိတ်ဆက်ခြင်း -</u>**

မစ္စတာဒီဇွန် (Darius Dixon) ကအစည်းအဝေးတက်ရောက်လာသူများကိုကြိုဆိုကာမိတ်ဆက်စကားပြော ကြားပါသည်။ အကြံပေးကော်မတီဝင်များအနက်တက်ရောက်လာသူများမှာ ကျော်အောင် (Kyaw Aung)၊ အန်ဂျလာဝူးမက်ခ် (Angela Womack)၊ ဂျူနီတာဝီလျံ (Juanita Williams)၊ ဂျွန်ဝီလျံ (John Williams)၊ ဒေးဗစ်ဖရာလေး (David Fraley)၊ ဗာဂျီးနီးယားဘာလစ်ဖ် (Virginia Baillif)၊ ဆေဗာဘလန်း(Sylvia Bland)၊ ရှောခါးဝဲလ် (Shawn Caldwell) နှင့် စောလောလမူး (Saw Lawla Moo) တို့ဖြစ်ပါသည်။ ဂျော့ဂျိမ်း (George James) နှင့် ဒေါ်နယ်ရိုက် (Donald Wright) တို့သည်ဤအစည်းအဝေးပွဲသို့တက်ရောက်ခြင်းမရှိခဲ့ကြပေ။ ထရေစီအက်နူး (Tracy Agnew)၊ ခရစ်စတိုဖာချီရွန် (Christopher Chiron)၊ ဝန်ထမ်းထောက်ပံ့ရေးမှ မေရီခရေဗန် (Mary Craven) နှင့် ဧည့်သည်အဖြစ် လူ့အရင်းအမြစ်မှ ဂျီနာကာတာ (Gena Carter) တို့လည်း တက်ရောက်ခဲ့ပါသည်။

**<u>လုပ်ငန်းဟောင်း -</u>**

အစည်းအဝေးကိုတရားဝင်စတင်ရန်ကြေငြာခြင်းခံရပြီး မစ္စတာဒီဇွန် (Mr. Dixon) ကအခြေခံစည်းမျဉ်းများကို ပြန်လည်ကြည့်ရှုပါသည်။ ဂျွန်လ ၂၁၊ ၂၀၁၂ အစည်းအဝေးမှတ်တမ်းကိုဝေပေးပြီးနောက်တွင် ဒေးရိယက်စ် (Darius) ကကော်မတီဝင်တစ်ဦးစီကိုမိနစ်အနည်းငယ်ခန့်ပေးပြီး အစည်းအဝေးမှတ်တမ်းများကိုပြန်လည် ကြည့်ရှုစစ်ဆေးစေပါသည်။ ကြည့်ရှုစစ်ဆေးပြီးနောက်တွင် မစ္စတာဝီလျံ (Mr. Williams) ကအမှားပြင်ဆင်ချက် နှစ်ခုနှင့် အစည်းအဝေး အချက်အလက်များ ကို သဘောတူညီကြောင်းတင်ပြရာမစ္စ်ဘလန်း(Ms. Bland) က ထောက်ခံပါသည်။ အစည်းအဝေးကိုတခဲနက်တည်းသဘောတူညီကာရုတ်သိမ်းလိုက်ပါသည်။

**<u>လုပ်ငန်းသစ် -</u>**

- မစ္စ်ဝူးမက်ခ် (Ms. Womack) ကသူမ၏အလုပ်ဧရိယာမှ တွေ့ဆုံမေးမြန်းခြင်းဖြစ်စဉ်နှင့်ပတ်သတ်သော စိုးရိမ်ချက်များ သို့မဟုတ် လျှောက်ထားသူအားလုံးကိုတရားမျှတစွာဆုံးဖြတ်ပေးခြင်းရှိမရှိ နှင့်ပတ်သတ်သော စာတစ်စောင်ကိုယူဆောင်လာပါသည်။ မစ္စတာဒီဇွန် (Mr. Dixon) ကလက်ရှိဖြစ်စဉ် ကိုလည်းကောင်းလူ့အရင်းအမြစ်၏ ဝန်ဆောင်မှုများနှင့် လူ့အရင်းအမြစ်ရုံးတို့ပါဝင်ကာ ပြုလုပ်သောဆုံးဖြတ်ချက်များကိုလည်းကောင်းတရားမျှတစွာနှင့် တသမတ်တည်းကျအောင်ကြိုးစား

ဆောင်ရွက်ပုံ တို့ကိုလည်း ရှင်းလင်းဖော်ပြပါသည်။ မစ္စတာချီရွန် (Mr. Chiron) ကဌားရမ်းခြင်းကိစ္စတွင် လျှောက်ထားသူများအနေဖြင့် ရာထူးနေရာတစ်ခုကိုလျှောက်ထားခဲ့သော်ထိုလျှောက်ထားသောရာထူး အတွက်သာဌားရမ်းခြင်းခံရမည် ဖြစ်ကြောင်း၊ နှင့် အချို့သောရာထူးနေရာများအတွက် လုပ်ငန်းတွင်းမှလျှောက်ထားသူအများအပြားရှိသော် လည်းတစ်ဦးတည်းကိုသာရွေးချယ်နိုင်မည် ဖြစ်ကြောင်း ထပ်မံဖော်ပြရှင်းလင်းပါသည်။

- မစ်စ်ဘလစ်ဖ် (Ms. Baillif) အနေဖြင့် အနီရောင်အိမ်သာသုံးဘရပ်ရှ်များနှင့်ပတ်သတ်၍စိုးရိမ်မိကြောင်း၊ ယင်းတို့သည် ဖျက်ရန်ခက်သောအစွန်းအထင်းများတွင်အသုံးပြုရန်အဆင်သိပ်မပြေလှကြောင်းတင်ပြပါ သည်။ မစ္စတာဒီဇွန် (Mr. Dixon)ကယင်းတို့အနေဖြင့် မတူညီသည့်အခြား ဘရပ်ရှ်များကို ရှာဖွေနေကြောင်းဖြေကြား ပြီသည်။
- မစ္စတာအောင် (Mr. Aung) ကကော်မတီအနေဖြင့်တင်ပြချက်တစ်ခုကိုခြောက်လအတွင်းပြုလုပ်သင့် ကြောင်း အကြံပေးပါသည်။ မစ္စတာဒီဇွန် (Mr. Dixon) ကလည်း လွန်ခဲ့သည့်နှစ်အတွင်းမှ ကော်မတီ လုပ်ကိုင်ခဲ့သောအလုပ်များကို ဌာနရှိအခြားလူများကို အသိပေးဝေမျှရန်အတွက် ဒီဇင်ဘာလအတွင်း တွင် တစ်စုံတစ်ခုကို ပြီးမြောက်အောင်မြင်အောင်ပြုလုပ်သင့်ကြောင်းသဘောတူပါသည်။
- ကော်မတီခွဲလေးများသည်ဆက်လက်၍ ယင်းတို့၏တင်ပြရန်ချက်များအတွက် အဖွဲ့သေးလေးများဖြင့် ဆွေးနွေးကြပါသည်။ မစ္စတာဒီဇွန် (Mr. Dixon) ကယင်းတို့အား ဩဂုတ်လ ၂ ရက်နေ့ အစည်းအဝေးတွင် ပြည့်စုံသောအကြံပြုတင်ပြချက်များကိုဖော်ပြကြရန်အတွက် ပြင်ဆင်ထားကြရန်မှာကြားပါသည်။
- မစ္စတာဝီလျံ (Mr. Williams) ကဖုံတစ်ခုစသို့ "ထိပ်တန်းဝန်ဆောင်မှု" ပိုစတာ၏ ဘောင်တပ်မိတ္တူ တစ်ရွက်ကိုပေးရန်အကြံပေးပါသည်။ မစ္စတာဒီဇွန် (Mr. Dixon) ကဤကိစ္စ ဖြစ်နိုင်မဖြစ်နိုင်ဆိုသည်ကိုစစ်ဆေးကြည့်မည်ဟုဆိုပါသည်။

**<u>နောက်ထပ်အစည်းအဝေး -</u>**

နောက်ထပ်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂ ရက်ကြာသပတေးနေ့၊ မနက် ၇း၃၀ တွင် ချီးခ်/ကာလပ် အစည်းအဝေးခန်းမ၌ပြုလုပ်မည်ဖြစ်ပါသည်။